http://www.dhammadownload.com

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ

## ဘီးလင်းဆရာတော် ဟောကြားတော်မူသော

ရွှေတောင်ကုန်းတပည့်အဆက်ဆက် လေးမြတ်ပူဇော်အပ်သည့်

# အနန္တကျေးဇူးတော်ရှင်
# မဟာစည်ဆရာတော်ဘုရားကြီး

မြန်မာ ၁၃၇၈ သာသနာတော်နှစ် ၂၅၆၀ ခရစ်သက္ကရာဇ် ၂၀၁၆

http://www.dhammadownload.com

**ဓမ္မဒါန အလှူရှင်**

မိခင် ဒေါ်နီနီနှင့် မူမူအောင်၊
ဆင့်ဆင့်အောင်မိသားစု

**ဓမ္မဒါန အလှူရှင်**

ဦးအေးချို+ဒေါ်မြင့်မြင့် မိသားစု

http://www.dhammadownload.com

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
ဘီးလင်းဆရာတော် ဟောကြားတော်မူသော

ရွှေတောင်ကုန်း တပည့်အဆက်ဆက်
လေးမြတ်ပူဇော်အပ်သည့်

# အနန္တကျေးဇူးတော်ရှင်
# မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံးဒီဇိုင်း**

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

**ကာလသာစွဲ**

မာစတာ ကာလာ

**ပုံနှိပ်ခြင်း**

၁၃၇၈၊ တန်ဆောင်မုန်းလဆန်း

၂၀၁၆၊ နိုဝင်ဘာလ

ပထမအကြိမ်

အုပ်ရေ - ၃၀၀၀

**ထုတ်ဝေသူ**

ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာ

ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့

အမှတ်(၈၀/က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၁ - ၅၃၅၄၄၈၊ ၇၀၅၅၂၅

Email: com2panditarama@gmail.com

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးအေးမြင့်

"သင်း" ပုံနှိပ်တိုက်

အမှတ်(၁၂၁)၊ မြေညီထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၉၀၁၀၆၉၉၊ ၀၁ ၉၀၁၀၇၀၀

http://www.dhammadownload.com

# အာစရိယဂုဏော အနန္တော

ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမဆရာတော် ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က နှစ်စဉ်ဝါဆိုလပြည့်ကျော် (၁၀) ရက်နေ့တိုင်းမှာအနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးစံလွန်တော်မူတဲ့ အထိမ်းအမှတ် ပူဇော်ပွဲပြုလုပ်မြဲ ဖြစ်ပါတယ်။ ပူဇော်ပွဲနေ့တွေမှာ မဟာစည်ဆရာတော်ဘုရား ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို တပည့်အဆက်ဆက်တို့ သိနား လည်ဖို့ရန် ထုတ်ဖော်မိန့်ကြားပေးတော်မူခဲ့ပါတယ်။

**သိဿာနံ ဟိတံ အာစရတီတိ အာစရိယော** = တပည့် တို့ရဲ့ အကျိုးစီးပွားကို ကျင့်ဆောင်ပေးသူဟာ ဆရာဖြစ်ပါ တယ်တဲ့။ ဆရာသမားဖြစ်တဲ့ မဟာစည်ဆရာတော်ဘုရားကြီး ကို အမှီပြုခဲ့ရသည့်အတွက်ကြောင့် ပဏ္ဍိတာရာမဆရာတော် ဘုရားကြီးဟာ ဘဝအာမခံချက်ရှိတဲ့ သီလ သမာဓိ ပညာ အစီး အပွား ချမ်းသာ အစစ်အမှန်တွေကို ရရှိခဲ့ရပါတယ်။

ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးက မှတဆင့် တပည့် သားမြေးများထံသို့လည်း အစီးပွား အစစ်အမှန်ကို ဆောင် ကြဉ်းပေးခဲ့ပါတယ်။ မိမိကိုယ်တိုင်ရော တပည့်အပေါင်း

http://www.dhammadownload.com

အစဉ်အဆက်တို့အတွက်ပါ လူ့အဖြစ်နဲ့ သာသနာတော်ကြီးကို တွေ့ကြုံရကျိုးနပ်အောင် ကျေးဇူးပြုပေးခဲ့တဲ့ ကျေးဇူးရှင်ကြီးဖြစ်လို့ ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးက အနန္တကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးလို့ လှိုက်လှိုက်လှဲလှဲကြီး သုံးနှုန်းတော်မူတာဖြစ်ပါတယ်။

**ဆပ်လို့မကုန်နိုင်တဲ့ ကျေးဇူးဂုဏ်တွေ...**

**ဆပ်လို့မကုန်နိုင်တဲ့ ကျေးဇူးဂုဏ်တွေ...** လို့ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးကို သတိရမိလေတိုင်းမကြာခဏနှုတ်ကနေ မြွက်ဆိုလေ့ရှိပါတယ်။ အဲဒီအခါမှာဆရာတော်ဘုရားကြီးရဲ့ မျက်နှာတော်မှာ ကျေးဇူးတော်ရှင်ဆရာသမားကို အင်မတန်သတိရနေတဲ့ပုံ ထင်ရှားလှပါတယ်။

**"လောကမှာ အင်မတန်ရခဲတဲ့အရာမျိုးဟာ ရှားပါးပါတယ်၊ ရှားပါးလို့လည်း တန်ဖိုးရှိပါတယ်၊ မဟာစည်ဆရာတော်ဘုရားကြီးဟာဗြဟ္မစိုရ်တရားလက်ကိုင်ထားပြီး အမြော်အမြင်ကြီးစွာနဲ့ ရခဲရှားပါးတန်ဖိုးရှိတဲ့ အရာမှာတည်ပြီး ကျေးဇူးစတင်ပြုသွားပါတယ်။ စတင်ပြီးကျေးဇူးပြုသွားတဲ့ အနန္တကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးကို တပည့်တွေကလည်း ရခဲ ရှားပါး တန်ဖိုးရှိတဲ့အရာမှာတည်ပြီး အာမိသပူဇာနဲ့ ကျေနပ်မနေပဲ ဓမ္မပူဇာနဲ့ပါပူဇော်ပြီး ကျေးဇူးကြွေး**

http://www.dhammadownload.com

**ပေးဆပ်ကြရပါမယ်**" လို့တိုက်တွန်းမိန့်မှာတော် မူခဲ့ပါတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ တပည့်ကောင်းအရာမှာတည်ကာ ဗုဒ္ဓနည်းကျ ဆရာ့ဩဝါဒ တော်အတိုင်း ဓမ္မပူဇာဖြင့် အစဉ်မပြတ်ပူဇော်ခဲ့သော ပဏ္ဍိတာရာမ ဆရာတော်ဘုရားကြီးကား (၁၆. ၄. ၂၀၁၆) တွင် စံလွန်တော်မူခဲ့လေပြီ။

ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး စံလွန်တော်မူပြီး နောက် ယခုအခါဝယ် ဆရာတော်ဘုရားကြီး ရှင်သာမဏေ ဘဝက ပရိယတ္တိစာပေများ သင်ယူခဲ့ရာပဲခူးမြို့ကျောက်တန်း ရွာ မဟာဗောဓိတောရစာသင်တိုက်၌ အတူသီတင်းသုံးဖော် ဖြစ်ခဲ့သည့် သက်တော်(၉၂)နှစ်၊ ဝါတော် (၇၂) ဝါ ရှိတော်မူ သော ကျောက်တန်းဆရာတော်ဘုရားကို အကြီးအမှူးထား ကာ ဘီးလင်းဆရာတော်ဘုရားနှင့်တကွ ပဏ္ဍိတာရာမဓမ္မ မိသားစုတို့သည် အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာ တော်ဘုရားကြီး စံလွန်တော်မူ(၃၄)နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲကို ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး သက်တော် ထင်ရှားရှိစဉ်ကအတိုင်း ပူဇော်ခဲ့ကြပါသည်။

တပည့်သံဃာတော်, သိက္ခာရှင်, အမျိုးသား, အမျိုးသမီး ယောဂီတွေကိုလည်း သီလဓမ္မပူဇာ၊ သမာဓိဓမ္မပူဇာ၊ ပညာ ဓမ္မပူဇာတွေနဲ့ အလေးထားပူဇော်စေလိုသော ဆရာတော်

http://www.dhammadownload.com

ဘုရားကြီး၏အာသီသတော်အတိုင်း တပည့်ဖြစ်ကြသော မိမိတို့သည် ပူဇော်ဖွယ်ဓမ္မများ ကိုယ်ပိုင်ရှိအောင်ကျင့်သုံးအားထုတ်ကြပါမည်ဟု လေးလေးနက်နက် အဓိဋ္ဌာန်ပြုရင်း ကျေးဇူးတော်အဖုံဖုံကို သတိရလျက် ရိုသေမြတ်နိုး လက်အုပ်မိုးကာ ရှိခိုးလိုက်ရပါသည် ဘုရား။

စီစဉ်ပူဇော်သူ
တပည့်သိက္ခာရှင်
ဂန္ဓသောဘာ
ပဏ္ဍိတာရာမရွှေတောင်ကုန်း
၁၃၇၈ - ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်
(၁.၁၁.၂၀၁၆)

http://www.dhammadownload.com

# ဘဝခန္ဓာချုပ်ငြိမ်းတော်မူပြီးသော
# အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏
# စံလွန်တော်မူ (၃၄) နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ

သာသနာတော်နှစ် ၂၅၆၀၊ ဂေါစာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊
ဝါဆိုလပြည့်ကျော် (၁၀) ရက် သောကြာနေ့။
(၂၉. ၇. ၂၀၁၆)

ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်အခါကာလကလည်း အနန္တကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်များကို ဦးထိပ်ထားပြီး တော့ နှစ်စဉ်နှစ်တိုင်း ဓမ္မပူဇာ၊ အာမိသပူဇာနဲ့ ပူဇော်ခဲ့ပါ တယ်။ ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး စံလွန်တော်မူပြီး တဲ့ ခုချိန်မှာလည်း ဆရာတော်ဘုရားကြီး ပူဇော်တဲ့အတိုင်းပဲ အားလုံးသော ဘုန်းကြီးတို့တပည့်များဟာ အနန္တကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူး တော်များကို ဦးထိပ်ထားပြီးတော့ ပူဇော်နေကြပါတယ်။ ပရိသတ်ကတော့ အပြင်ပရိသတ်ကနည်းနည်းပါပဲ၊ အတွင်း

http://www.dhammadownload.com



ကယောဂီပရိသတ်၊ ရဟန်းပရိသတ်၊ သိက္ခာရှင်ပရိသတ်တွေနဲ့ အေးအေးဆေးဆေးပါပဲ။

## လောကမှာရခဲတဲ့ပုဂ္ဂိုလ် (၂)ယောက်

လောကမှာရခဲတဲ့ပုဂ္ဂိုလ် (၂)ယောက်ရှိပါတယ်။

(၁) **ယော စ ပုဗ္ဗကာရီ** = ရှေးဦးစွာကျေးဇူးပြုတတ်တဲ့ပုဂ္ဂိုလ်နဲ့

(၂) **ယော စ ကတညူကတဝေဒီ** = အဲ့ဒီကျေးဇူးကို ပြန်သိတဲ့, ကျေးဇူးလည်း ပြန်ဆပ်နိုင်တဲ့ ပုဂ္ဂိုလ်ကိုလည်းပဲ ရခဲပါတယ်တဲ့။

## ပရိယတ္တိဂုဏ်ရည်

အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဆိုတာ ပရိယတ္တိဘက်ကလည်းပဲ ပညာရှိသူတော်ကောင်းတွေ လက်ခံနိုင်အောင် ပညာအရည်အချင်းနဲ့ ပြည့်စုံတော်မူတဲ့ ဆရာတော်ဘုရားကြီးဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့တဲ့ တရားတော်တွေ၊ ဆရာတော်ဘုရားကြီး စီစဉ်ရေးသားခဲ့တဲ့ကျမ်းစာတွေဟာ စောဒကတက်စရာမရှိလောက်အောင် အပြစ်ကင်းတော်မူပါတယ်။ ဆရာတော်ဘုရားကြီး ဟောကြားခဲ့တဲ့ တရားတော်တွေနဲ့

http://www.dhammadownload.com



ပတ်သက်ပြီးတော့ ဉာဏ်ပညာကြီးမားလှတယ်လို့ ပညာရှိတွေလက်ခံကြပါတယ်၊ စောဒကတက်တာမရှိခဲ့ပါဘူး၊ ဘုရားဟောထားတဲ့ ဒေသနာတော်နဲ့, ကျမ်းဂန်နဲ့ ညီညွတ်တော်မူတဲ့အတွက် အပြစ်ကင်းပြီးတော့ သန့်ရှင်းတော်မူပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိဂုဏ်, စာပေကျမ်းဂန်နှံ့စပ်သိတတ်တဲ့ဂုဏ်ဟာ သာမန်ပုဂ္ဂိုလ်တွေ မမြင်နိုင်ပါဘူး၊ ပညာရှင်တွေမှ သိနိုင်တဲ့အလွန်ခက်ခဲတဲ့ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကျမ်းကြီးကို ရေးသားတော်မူခဲ့ပါတယ်။ သာမန်ပုဂ္ဂိုလ်တွေဆိုရင် အနားတောင်မကပ်နိုင်ပါဘူး၊ ကြည့်ရှုဖို့၊ ကြည့်ရှုပြီး နားလည်ဖို့ဆိုရင် အလွန်ခဲယဉ်းပါတယ်။ ဘာသန္တရတွေ၊ ဝါဒတွေအမျိုးမျိုးကို နားလည်ပြီးတော့မှ စီရင်ရေးသားနိုင်ပါတယ်။ အဲ့ဒီဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းကြီး(၄)တွဲကို ပြုစီရင်ရေးသားခဲ့တာဟာ ပညာရှိရဟန်းတော်များ၊ လူပုဂ္ဂိုလ်များအတွက် အံ့ချီးလို့မကုန်နိုင်အောင်ကြီးကျယ်ခမ်းနားတဲ့ ကျမ်းကြီးပါပဲ။ နောက်ပြီးတော့ ဝိပဿနာရှုနည်းကျမ်း ပထမတွဲနဲ့ ဒုတိယတွဲ နှစ်တွဲဟာလည်း ပညာရှိသူတော်ကောင်းများနဲ့တကွ ကမ္ဘာကပါလက်ခံရခဲ့တဲ့ကျမ်းဂန်ပါပဲ။ ဒါကြောင့် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိဟာ ထက်မြက်တယ်ဆိုတာ အထူးပြောစရာမလိုတော့ပါဘူး။

http://www.dhammadownload.com



**ပဋိပတ္တိဂုဏ်ရည်**

ကိုယ်တော်တိုင်စာပေကျမ်းဂန်တွေကို သိပြီးတော့ ပဋိပတ္တိအကျင့်တွေကို ကျင့်တဲ့အခါမှာ ကိုယ့်သဘောနဲ့ကိုယ် မကျင့်ပါဘူး။ ကျမ်းပြုဆရာတော်ဖြစ်တဲ့ မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးထံမှာ ကိုယ်ကိုယ်တိုင်ကျင့်ကြံပွားများအားထုတ်ပြီးမှ ကိုယ်ကိုယ်တိုင်သိပြီးမှ စပြီးတော့ ပဋိပတ်ကျင့်စဉ်များကို ကျမ်းဂန်လည်း ရေးသားပြီးတော့ ဟောကြားပြသတော်မူခဲ့တာဒုတိယကမ္ဘာစစ်မဖြစ်ခင်အချိန်ထဲကပါပဲ။ ဒါတွေကို လေ့လာကြည့်မယ်ဆိုရင် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိဂုဏ်၊ပဋိပတ္တိဂုဏ်စွမ်းရည်ဟာ ဘယ်လောက်ထက်မြက်သလဲဆိုတာပညာရှိသူတော်ကောင်းများမှသာ သိရှိနိုင်ပါတယ်။ ဒါကြောင့် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေကို အညတြဖြစ်တဲ့ ဘုန်းကြီးအနေနဲ့ ချီးကျူးပြောဆိုမယ်ဆိုရင်တော့ မြင့်မိုရ်တောင်ကို ဇီးကင်းနဲ့ပေါက်သလောက်တောင်မျှ မရှိပါဘူး။ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓနည်းကျစီရင်ရေးသားခဲ့တဲ့ တရားတော်တွေ၊ ဟောကြားခဲ့တဲ့တရားတွေကို နည်းမှီပြီးတော့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးနဲ့တကွ မဟာစည်ဆိုင်ရာဆရာတော်များ၊ တပည့်ဒကာ၊ ဒကာမများဟာ ဒီနည်းအ

http://www.dhammadownload.com



တိုင်း လိုက်နာကျင့်ကြံပြီးတော့ နေကြပါတယ်။ ဒီနည်းအတိုင်းလည်းပဲ ဟောပြောပြသနေကြပါတယ်။ လွတ်လပ်ရေးရတဲ့ အချိန်ကစပြီး ပဋိပတ္တိသာသနာထွန်းကားတောက်ပလာတာဟာ အထူးအားဖြင့် အနန္တကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ပညာရှိသူတော်ကောင်းတွေ ရဟန်းသံဃာတော်တွေ လက်ခံနိုင်တဲ့ ပရိယတ္တိစွမ်းရည်သတ္တိ ပဋိပတ်စွမ်းရည်သတ္တိတွေနဲ့ဟောကြား ပြသတော်မူပြီးတော့ လာခဲ့တဲ့အတွက်ကြောင့် ပဋိပတ္တိသာသနာတော်ဟာ မြန်မာပြည်တွင်မကပါဘူး ကမ္ဘာထိအောင် ပြန့်နှံ့ပြီးတည်သွားတယ်ဆိုတာ အားလုံးသိပြီးသား ဖြစ်ကြပါတယ်။

## မဟာစည်မှဆင်းသက်လာသောရွှေတောင်ကုန်းဆရာတော်

အနန္တကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ထံတော်မှာ နှစ်ပေါင်းများစွာခိုလှုံပြီးတော့ ကိုယ်တိုင်လည်းပဲကျင့်ကြံတယ်၊ ယောဂီများစွာကိုလည်းပဲ တရားတွေပြသခဲ့တာ ဘုန်းကြီးတို့ ပဏ္ဍိတာရာမရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးပါပဲ။ ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးဟာ အမျိုးသားများ၊ အမျိုးသမီးယောဂီများ၊ အထူးအားဖြင့် ရဟန်းတော်များကို တရားပြသတော်မူခဲ့ပါတယ်။ အဲ့ဒီအချိန်တုန်းက ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးနဲ့ အားထုတ်

http://www.dhammadownload.com



ခဲ့ကြတဲ့တပည့်ရဟန်းတော်များဟာ ပညာတတ်ရဟန်းတော်တွေများကြပါတယ်၊ ဒါကြောင့်ပဏ္ဍိတာရာမရွှေတောင်ကုန်းဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိဂုဏ် ပဋိပတ္တိဂုဏ်ရည်တွေဟာလည်း ဘုန်းကြီးတို့ မခန့်မှန်းနိုင်အောင်ကြီးမားတော်မူပါတယ်။

## မဟာစည်ရိပ်သာသို့ရောက်ခဲ့ပုံနှင့် မိမိ၏ဝန်ဆောင်ရဟန်းဘဝ

ငယ်ဆရာလည်းဖြစ်၊ ဘကြီးတော်လည်းဖြစ်တဲ့ မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ် ဓမ္မိကာရုံ မဟာစည်သာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးက ဘုန်းကြီးကို မဟာစည်သာသနာ့ရိပ်သာကြီးမှာ တရားအားထုတ်စေချင်တယ်။ မိမိက ဓမ္မာစရိယပြီးမှပဲ အားထုတ်မယ်လို့ ဆုံးဖြတ်ချက်ချကာ လျှောက်ထားပြီးတော့ ဓမ္မာစရိယအောင်ပြီးနောက်စာပေပို့ချခြင်း၊ ကိုယ်တိုင်ဗဟုသုတရအောင် လိုက်နာသင်ကြားမှုတွေ ဆောင်ရွက်ပြီး နောက်ဆုံးမဟာစည်သာသနာ့ရိပ်သာမှာ ဝင်ရောက်တရားရှုမှတ် ပွားများအားထုတ်ခဲ့ပါတယ်၊ အဲ့ဒီလို အားထုတ်ပြီးနောက် ဝန်ဆောင်အဖြစ်နဲ့နေတော့ ပဏ္ဍိတာရာမရွှေတောင်ကုန်းဆရာတော် ဘုရားကြီးက အထူးတလည် မေတ္တာကရုဏာထားပြီးစောင့်ရှောက်

http://www.dhammadownload.com



ခဲ့ပါတယ်။ အစစအရာရာချီးမြှင့်ခဲ့ပါတယ်။ မဟာစည်ရိပ်သာကြီးမှာ ဝန်ဆောင်အဖြစ်နဲ့နေရင် တရားဟောရတယ်။ ဘုန်းကြီးကတရားဟော ဝါသနာမပါပေမယ့် ဝါသနာပါတဲ့ ပုဂ္ဂိုလ်တွေ ဟောကြတာကို ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်၊ အဲဒီတော့ ဘေးကသူငယ်ချင်းမိတ်ဆွေတွေက မေးကြတယ် "ဘယ်နဲ့လဲ. . တရားမဟောသေးဘူးလား"တဲ့။ ကိုယ်က တရားမဟောရသေးတော့ ဖြေရခက်တယ်၊ ဟောမှမဟောရသေးတော့ မဖြေနိုင်ဘူး။ ဒီတော့ မဖြစ်သေးပါဘူး. . . . ငါတော့ တရားတစ်ပုဒ်လောက်နှုတ်လုံးသွင်းပြီးတော့ဟောမှပဲ၊ ဒါမှသူများမေးတဲ့အခါ ဖြေရတာအဆင်ပြေမယ်၊ မျက်နှာမငယ်ရဘူးပေါ့၊ အဲ့လိုနဲ့ ကိုယ်ဟောချင်တာလေးတွေ လေ့လာရတယ်၊ စုဆောင်းရတယ်၊ မိမိဟောဖို့ရာအလှည့်ပေးပေမယ့် မဟာစည်ရိပ်သာ နာယကဆရာတော် ဦးသံဝရက "ကဲ. . တရားကျက်လိုက်ဦး၊ နောက်အပတ်မှ ဟောတာပေါ့" ဆိုတာနဲ့ နောက်ဆုတ်လိုက် နောက်ဆုတ်လိုက်နဲ့ ဆုတ်ဆုတ်ပြီးသွားတာ ဟောနိုင်တဲ့ပုဂ္ဂိုလ်တွေ ဟောသွားကြပါတယ်။ နောက်ဆုံးမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ စံကျောင်းတော်ရေစက်ချပွဲ ကျင်းပတဲ့နေ့အထိပါပဲ။

http://www.dhammadownload.com



## မဟာစည်ဆရာတော်ဘုရားကြီးစံကျောင်းတော်ရေစက်ချပွဲ

အဲ့ဒီအထိအောင်လည်း ဘုန်းကြီးက တရားမဟောနိုင်သေးတဲ့ဝန်ဆောင်အဖြစ်ပဲရှိပါသေးတယ်၊ အနယ်နယ်အရပ်ရပ်မှ မဟာစည်ဌာနခွဲတွေကိုပင့်ပြီးတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ပစ္စည်းတွေနဲ့ ထောက်ပံ့လှူဒါန်းပြီး တရားပွဲတွေလည်း ကျင်းပခဲ့ပါတယ်၊ အဲ့ဒီမဟာစည်စံကျောင်းတော်ရေစက်ချပွဲဖြစ်တဲ့ ပြာသိုလဆန်း(၈)ရက်နေ့ (၂၆.၁၂.၁၉၆၈) မှာတော့ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ရေစက်ချအနုမောဒနာတရား ဟောကြားတော်မူပါတယ်၊ အဲ့လိုဟောကြားတော်မူပြီး ပြာသိုလပြည့်နေ့မှာ ဘုန်းကြီးတို့ ပဏ္ဍိတာရာမ ဆရာတော်ဘုရားကြီးက အဲ့ဒီစံကျောင်းတော်အောက်ထပ်မှာ ဒုတိယမြောက်တရားဟောကြားခဲ့ပါတယ်။ ပြာသိုလပြည့်ကျော် (၈) ရက်နေ့မှာတော့ ဘုန်းကြီးကို တရားဟောဖို့တာဝန်ပေးပါတယ်၊ အဲ့လိုပေးတဲ့အခါမှာ တတိယမြောက်အနေနဲ့ မဟာစည်စံကျောင်းတော်အောက်မှာ တရားဟောကြားရတယ်ဆိုတဲ့ ဂုဏ်လေးကို ဘုန်းကြီးက သတိရတယ်။ မဟာစည်ဆရာတော်ဘုရားကြီးပြီးတဲ့နောက် ဘုန်းကြီးတို့ရဲ့ ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး၊ အဲ့ဒီနောက် မိမိက တတိယမြောက်အဖြစ် ဒီဌာနမှာ တရားဟောကြားရတယ်လို့ ကိုယ့်ကိုယ်ကိုလည်း

http://www.dhammadownload.com



ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ တရားဟောရတာအလွန် ကြောက်ပေမယ့် ကိုယ်တတ်နိုင်သလောက် ဟောကြားခဲ့ ပါတယ်။

**မဟာစည်ဆရာတော်ဘုရားကြီးအမိန့်အရ ကြို့ပင်သာရိပ်သာသို့ ကမ္မဋ္ဌာနာစရိယအဖြစ်ဖြင့် ကြွရောက်ခြင်း**

အဲ့ဒီလို တရားဟောကြားပြီးတဲ့အခါမှာ မဟာစည်ဆရာတော်ဘုရားကြီးက အမိန့်ချပါတယ်။ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ပေါင်းတည်မြို့အနီး ဝက်ပုတ်ကြို့ပင်သာသာသနာ့ရိပ်သာဆရာတော် ပျံလွန်တော်မူသွားတော့ လစ်လပ်ပြီးနေတော့ ဒီကိုယ်တော်ကို အဲ့ဒီကိုပို့ရမယ်လို့ အမိန့်ချပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီး အမိန့်ချပြီးရင် ဘယ်သူမှ ပြုပြင်လို့မရပါဘူး။ မသွားဘူးဆိုရင် ဒီမဟာစည်ရိပ်သာကြီးထဲမှာလည်း နေလို့မဖြစ်ပါဘူး။ လွတ်တဲ့နေရာကို သွားလို့ အဆင်မပြေလို့ ပြန်လာရင်တော့ ဆရာတော်ဘုရားကြီးက လက်ခံတော်မူပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကို မလွန်ဆန်နိုင်တော့ ကြို့ပင်သာရိပ်သာသို့ သွားဖို့ပြင်ဆင်ရပါတော့တယ်။ ကြို့ပင်သာရိပ်သာသို့ မသွားမီမှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ချီးမြှင့်မှုဖြင့် ဟသ်ာတ, မဲဇလီကုန်း, မြန်အောင်တရားစခန်း

http://www.dhammadownload.com



ဖွင့်ပွဲတွေမှာ အတွေ့အကြုံရအောင် မဟာစည်ဆရာတော်ဘုရားကြီးနဲ့အတူ လိုက်ပါခွင့်ရခဲ့ပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီးက ဥုးပဏ္ဍိကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးဖို့ အမိန့်ရှိတာကြောင့် ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးကိုယ်တိုင် "ဝက်ပုတ်ကြို့ပင်သာ သာသနာ့ရိပ်သာ" ကို လိုက်ပို့ပြီး ချီးမြှောက်စောင့်ရှောက်တော်မူခဲ့ပါတယ်။ မိမိဟာ ဝက်ပုတ်ကြို့ပင်သာ သာသနာ့ရိပ်သာမှာ ကမ္မဋ္ဌာနာစရိယအဖြစ်နဲ့ (၁၇)နှစ်တိုင်တိုင် သီတင်းသုံးခဲ့စဉ်တလျှောက်မှာလည်း အဝေးကနေ အမြဲတမ်း စောင့်ရှောက်တော်မူခဲ့ပါတယ်။

## မဟာစည်ရိပ်သာကြီးမှာ နာယကတစ်ပါးအဖြစ်ဖြင့် ချီးမြှောက်တော်မူခြင်း

မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးတော့ ပဏ္ဍိတာရာမဆရာတော်ဘုရားကြီးဟာ မဟာစည်ရိပ်သာရဲ့ ဩဝါဒါစရိယဆရာတော် ဖြစ်တော်မူပါတယ်။ အဲ့ဒီအခါမှာ မိမိသဘောကျတဲ့ပုဂ္ဂိုလ်ကို နာယကတင်မြှောက်နိုင်ပါတယ်။ ရှေးဦးစွာ ကျစွာဆရာတော်ဥုးလက္ခဏကို နာယကခန့်ပါတယ်။ ကျစွာဆရာတော်ဟာ အနေအထိုင် အပြောအဆိုလည်းသိမ်မွေ့၊ ပရိယတ္တိလည်းပြည့်စုံပြီး မဟာစည်ဆရာ

http://www.dhammadownload.com



တော်ဘုရားကြီးနည်းအတိုင်း တရားပြသနေတာတော့ ရှိပါတယ်၊ မဟာစည်ရိပ်သာဆိုင်ရာရဟန်းတော်တွေနဲ့ ဆိုရင်တော့ အများအမြင်အရ နည်းနည်းစိမ်းတဲ့သဘော ရှိပါတယ်။ ဒုတိယတော့ ပြန်ကပြေးဆရာတော် ဦးဇဋိလကို နာယကအဖြစ် ချီးမြှောက်တော်မူပါတယ်၊ ( ယခုနှစ် တပို့တွဲလထဲမှာပဲ မဟာစည်ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူရင်း ပျံလွန်တော်မူသွားပါတယ်။ ) ဘုန်းကြီးတို့နဲ့ အသက်သိပ်မကွာပါဘူး၊ တတိယမြောက်အဖြစ် မြန်အောင်ဆရာတော်ကို နာယက ချီးမြှောက်ပါတယ်။ စတုတ္ထမြောက်တော့ ဘုန်းကြီးကို နာယကမြှောက်ဖို့ မဟာစည်ရိပ်သာကြီးမှာ လာရောက် တာဝန်ထမ်းဆောင်ရမယ်လို့ အမိန့်ရှိပါတယ်။ အဲ့ဒီလိုအမိန့်ရှိလာတဲ့အခါမှာ . . . တာဝန်ကတော့ တော်တော်ကြီးတယ်လို့ အောက်မေ့ခဲ့ပါတယ်။ ဒါပေမယ့်လို့ တာဝန်ကျလာရင်တော့ ဒီလိုပဲ ဆောင်ရွက်ရမှာပဲဆိုတဲ့ စိတ်ကိုတင်းပြီးတော့ ဆရာတော်ဘုရားကြီးရဲ့ အမိန့်အတိုင်း မဟာစည်ရိပ်သာကြီးမှာ နာယကအဖြစ် တာဝန်ထမ်းရွက်ခဲ့ရပါတယ်။

**မိမိနှင့် ပြည်ပဓမ္မဂုဏ်ရည်ပြခရီးများ**

အဲ့ဒီအခါကာလမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာ

http://www.dhammadownload.com



တော်ဘုရားကြီးရဲ့ တရားတော်များကလည်း နိုင်ငံခြားထိ အောင် ဆရာတော်ဘုရားကြီး ကြွရောက်ပြီးကတည်းက တော်တော်လေး လှုပ်လှုပ်ရှားရှား ပွင့်ပွင့်လင်းလင်းဖြစ် လာပြီးတော့ မြန်မာမိသားစုတွေကလည်းပဲ ကျောင်းတိုက် တည်ထောင်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်ပြီး လာခဲ့တာဟာ အခု ထိအောင်ပါပဲ။ နိုင်ငံခြားက ကမ္မဋ္ဌာန်းဆရာတွေပင့်တဲ့အခါ, တခါတရံ တရားဟောပင့်တဲ့အခါ မဟာစည်ရိပ်သာကြီးက နေ လွှတ်ပေးရတာရှိပါတယ်။ အဲ့ဒီအခါမှာလည်း ကိုယ့်ကိုယ် ကို နိုင်ငံခြားသွားဖို့ ဆန္ဒမရှိခဲ့ပါဘူး၊ သွားတော့လည်း ကိုယ် က အင်္ဂလိပ်စာမကျွမ်းကျင်၊ ဒီ့အပြင်လည်းပဲ အစစအရာရာ မပြည့်စုံဘူးဆိုပြီးတော့ သွားဖို့လည်း စိတ်မကူးမိပါဘူး။ သူများတွေ သွားကြ၊ တရားတွေ ပြကြ၊ ဆောင်ရွက်နိုင်ကြ တာတွေကို ဝမ်းသာရပါတယ်၊ သူများက ကိုယ့်ကို နိုင်ငံခြား ရောက်ဖူးလားလို့မေးရင် တစ်ခါတရံ ရောက်ဖူးချင်တဲ့ စိတ် တော့ရှိပါတယ်။ စောစောက တရားမဟောသေးဘူးလား လို့မေးရင် ဖြေရခက်သလို ခေတ်အားလျော်စွာ ဖြေနိုင် အောင်ဆိုပြီး သွားချင်တဲ့စိတ်တော့ ပေါက်ပါတယ်၊ သွားပြီး နေဖို့ တရားပြဖို့တော့ ကိုယ်ကိုယ်တိုင်လည်း မယုံကြည်တဲ့ သဘောဖြစ်ပြီးတော့နေပါတယ်။

အဲ့ဒီတုန်းကဆရာတော် ဦးသာသနတို့၊ ဦးဇဋိလ တို့

http://www.dhammadownload.com



စသည်ဖြင့် သူတို့သွားပြီးတရားဟော တရားပြ ပြန်လာကြပါတယ်၊ အဲ့လိုနဲ့နောက်ဆုံး ဆရာတော်ဘုရားကြီးက နိုင်ငံခြားအတွေ့အကြုံရအောင်ဆိုပြီး နီပေါ၊ စင်္ကာပူ၊ မလေးရှား၊ သြစတေးလျနိုင်ငံတွေကို တရားစခန်းပြဖို့ အတူခေါ်သွားပါတယ်၊ အဲ့ဒီအတောတွင်းမှာပဲ အင်္ဂလန်ဆရာတော်ဦးပညာသာမိ (ယခုသြစတေးလျ အောင်စည်ဆရာတော်)က သူဦးဆောင်တည်ထောင်ထားတဲ့ ကျောင်းမှာ ဘုန်းကြီးကို သီတင်းသုံးဖို့ရာ . . . ဘုန်းကြီးကို သူရိုသေလေးစားမှုရှိတယ်၊ ဝါလည်းပဲရ, အတွေ့အကြုံလည်းရှိတယ်ဆိုပြီး၊ ဆရာတော်ဘုရားကြီးကို လျှောက်ထားပြီး၊ နောက်ဆုံးဆရာတော်ဘုရားကြီးရဲ့ အမိန့်နဲ့ အင်္ဂလန်မှာ သွားရောက်သီတင်းသုံးရတာ (၆)နှစ်၊ (၇)နှစ် ကြာခဲ့ပါတယ်။ အဲ့ဒီကနေ ဆရာတော်ကြီးပြန်ခေါ်တော့ ဒီမိခင်တိုက်ရင်း ပဏ္ဍိတာရာမ ရန်ကုန်မှာ ပြန်ပြီးဆောင်ရွက်ရပါတယ်၊ နောက်တစ်ခါ အမေရိကားသွားဖို့ ပေါ်လာတော့ ဆရာတော် ဘုရားကြီးရဲ့ အမိန့်နဲ့ အမေရိကားသွားရောက်ပြီး ဆောင်ရွက်ရတယ်၊ ၁၉၉၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တရားဟော တရားပြဆောင်ရွက်တော်မူခဲ့တာ (၁၁)နှစ်ကြာခဲ့ပါတယ်။ ဒါတွေဟာ ဆရာတော်ဘုရားကြီးရဲ့ ချီးမြှောက်မှုတွေပါပဲ။

http://www.dhammadownload.com



**ပဏ္ဍိတာရာမတောစခန်းရိပ်သာတွင်တာဝန်ထမ်းဆောင်ခြင်း**

ဆရာတော်ဘုရားကြီးက **“မင်းပြန်လာဖို့တော်ပြီ”** လို့ အမိန့်ရှိတော့ (၂၀၁၁)ခုနှစ်က အမေရိကားမှ ပြန်လာပြီး တောစခန်းသာသနာ့ရိပ်သာမှာ ဆက်လက်ဆောင်ရွက်ခဲ့တာ ကျေးဇူးတော်ရှင်ပဏ္ဍိတာရာမ ဆရာတော်ကြီး စံလွန်တော်မူတဲ့ အထိပါပဲ။ ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး စံလွန်တော်မူတဲ့နောက်မှာ အများရဲ့ ဆန္ဒ၊ သံဃမဟာနာယကအဖွဲ့ရဲ့ ဆန္ဒအရ ဘီးလင်းဆရာတော် ပဏ္ဍိတာရာမ ရန်ကုန်မှာ သီတင်းသုံးနေဖို့ သင့်တယ်လို့ တိုက်တွန်းချက်နဲ့ ဘုန်းကြီးနှင့်တကွ နာယကအဖွဲ့အားလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နေကြတာ အခုထိပေါ့လေ။ အားလုံးသိကြပါတယ်။ ပရိယတ္တိဘက်ကရော ပဋိပတ္တိဘက်ကရော ဘာမှရေပက်လို့မဝင်ရအောင် အားလုံးပြည့်စုံနေတဲ့ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယကို ခံယူပြီးတော့ ဟောပြောပြသခွင့်ရနေမှုဟာ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးရဲ့ ချီးမြှောက်မှုကြောင့်သာ အခုလောက်ထိအောင် ဖြစ်ပေါ်လာရတယ်ဆိုတာ ဘုန်းကြီးတို့ ပြောလိုရင်းဖြစ်ပါတယ်။

http://www.dhammadownload.com



## ကြို့ပင်သာရိပ်သာသို့ မဟာစည်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူခဲ့ခြင်း

မဟာစည်ဆရာတော်ဘုရားကြီးဟာ နယ်ဘက်တွေကို အခါအားလျော်စွာ တရားဟော ကြွတော်မူပါတယ်၊ အဲ့ဒီလို ကြွတဲ့အခါမှာ ဘုန်းကြီးတို့ ပြည်ဘက်ခြမ်းက ဇီးကုန်း၊ နတ္တလင်း၊ သဲကုန်း၊ အောင်လံ၊ ပြည် စသည်တို့ဘက်က ဆိုင်ရာဌာနတွေကိုလည်း ပင့်ဖိတ်တဲ့အတွက် ကြွရောက် ချီးမြှင့်တော်မူပါတယ်။ ဘုန်းကြီးတို့ ဝက်ပုတ်ကြို့ပင်သာ သာသနာ့ရိပ်သာကတော့ တောရွာလေးပါပဲ၊ ထိုက်သည့် အားလျော်စွာတော့ တရားအားထုတ်ကြပါတယ်၊ သူ့နေရာ နဲ့သူတော့ သင့်တယ်လို့ ပြောလို့ရပါတယ်၊ ပြည်ဘက်ကို ကြွရောက်တဲ့ အခိုက်အတန့် ဆရာတော်ဘုရားကြီးကြွ ရောက်နိုင်အောင်ဆိုပြီး ပင့်ဖိတ်ထားပါတယ်၊ ဆရာတော် ဘုရားကြီးဟာ အလွန်တိကျပါတယ်၊ သတ်မှတ်ထားတဲ့ နာရီဆိုလို့ရှိရင် အဆင်သင့် သက်န်းရုံပြီးသားဖြစ်ပြီးတော့ နေပါတယ်၊ နတ္တလင်းကနေ ပြီးတော့မှ ဘုန်းကြီးတို့ ရိပ်သာ ကိုပင့်ဆောင်ရမှာဆိုတော့ ဟိုကလာဖို့ အခါကာလမှာ သူစောင့်ငါစောင့်နဲ့ အချိန်နည်းနည်းလေး ကြာသွားပါတယ်၊ သတ်မှတ်တဲ့အချိန်မရောက်ဘူးပေါ့လေ၊ ဘုန်းကြီးတို့ရောက် တာနဲ့ဆရာတော်ဘုရားကြီးဟာ မိမိစံကျောင်းက ဆင်းလာ

http://www.dhammadownload.com



ပြီး ချက်ချင်းကြွတော်မူပါတယ်။ နတ္တလင်းရိပ်သာမှ ပြုလုပ်ထားတဲ့ ဧည့်ခံကျွေးမွေးမှု စတဲ့အစီအစဉ်တွေ နည်းနည်းလစ်ဟင်းသွားပါတယ်၊ မဟာစည်ဆရာတော်ဘုရားကြီးဟာ လုံ့လဝီရိယ အင်မတန်ကြီးမားတယ်ဆိုတာကို ပြောလိုရင်းဖြစ်ပါတယ်၊ တိကျတယ်၊ လုံ့လဝီရိယ ရှိတယ်၊ အချိန်မှန်မှန်ဆောင်ရွက်တော်မူတယ်ဆိုတဲ့ ဂုဏ်တွေဟာ အနီးကပ်ကြည့်လေလေ ချီးကျူးလို့မကုန်နိုင်အောင် များပြားလှပါတယ်။

**စီကုံးပူဇော်ခဲ့ကြသော မဟာစည်ဂုဏပူဇာ**

ဒီဝက်ပုတ်ကြို့ပင်သာရိပ်သာမြေရဲ့ အလှူရှင်လည်းဖြစ်တဲ့ , ဘုန်းကြီးအပေါ်မှာလည်း သားလိုပဲ အမြဲစောင့်ရှောက်ခဲ့တဲ့ ဒကာမကြီးဒေါ်သန်းက မဟာစည်ဆရာတော်ဘုရားကြီး ကြွလာမယ်ဆိုတော့ ဂုဏပူဇာ ဆောင်ပုဒ်လေးတွေရွတ်ပြီး ပူဇော်ကြဖို့ရာ၊ ဘုန်းကြီးကို " **ဆရာတော်လည်းကိုယ်တိုင်ဆောင်ပုဒ်လေးတွေစီပြီး ချီးမြှောက်ပေးပါဦး**" လို့ မရမက တိုက်တွန်းတာနဲ့ ဆောင်ပုဒ်လေး(၃)ပုဒ် စီကုံးပေးခဲ့ပါတယ်။ အဲ့ဒီဆောင်ပုဒ်ကတော့

(၁) **သီလဂုဏ်အား ကြီးမားပါသည်၊**
**ကမ္ဘာမဆန့် ပြန့်နှံ့၍တည်၊**

http://www.dhammadownload.com



ရှင်လူအများ လေးစားအပ်သည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။
(၂) သမာဓိဂုဏ်အား ကြီးမားပါသည်၊
ကမ္ဘာမဆန့် ပြန့်နှံ့၍တည်၊
ရှင်လူအများ လေးစားအပ်သည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။
(၃) ပညာဂုဏ်အား ကြီးမားပါသည်၊
ကမ္ဘာမဆန့် ပြန့်နှံ့၍တည်၊
ရှင်လူအများ လေးစားအပ်သည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

ဆရာတော်ဘုရားကြီး တရားမဟောကြားခင်မှာ အမျိုးသမီးယောဂီအဖွဲ့များက ဒီဆောင်ပုဒ်လေး (၃)ပုဒ်နဲ့လည်း ရွတ်ဆို ပူဇော်ခဲ့ကြပါတယ်။ အခြားဂုဏပူဇာတွေနဲ့လည်း ပူဇော်ခဲ့ကြပါတယ်။

## ကြည်ညိုဖွယ်ရာဂုဏ်ရည်များ

သီလနဲ့ပတ်သက်ပြီးတော့ ဆရာတော်ဘုရားကြီးဟာ ဘာမှ အပြစ်တင်လို့မရအောင် သန့်ရှင်းစင်ကြယ်တော်မူပါတယ်။ သမာဓိဂုဏ်အားဖြင့်လည်း ပြောစရာဘာမှ မရှိပါဘူးတဲ့၊ မဟာစည်ရိပ်သာကြီး၌ ကျင်းပတဲ့ အခမ်းအနား

http://www.dhammadownload.com



တစ်ခုမှာ မဟာစည်စံကျောင်းတော်မှာ မဟာစည်ဆရာတော်ဘုရားကြီးက သီတင်းသုံးပြီးတော့နေပါတယ်။ အခြားကကြွလာတဲ့ ဆရာတော်ဘုရားကြီးတွေကလည်း သီတင်းသုံးပြီးတော့ နေကြတယ်။ အဲဒီအခိုက်အတန့်မှာ အခန့်မသင့်တော့ ဆရာတော်ဘုရားကြီးရဲ့ ရွှေနားပေါ်က မီးချောင်းဟာ ပြုတ်ကျလာပေမယ့် ဆရာတော်ဘုရားကြီးက ဘာမှ တုန်လှုပ်ခြင်းမရှိဘဲ " **သြော်. . . မီးချောင်းပြုတ်ကျတာကိုး** "လို့သာ မိန့်တော်မူပါတယ်။ တခြားဆရာတော်ကြီးတွေက အံ့သြနေတယ်၊ မဟာစည်ဆရာတော်ဘုရားကြီးဟာ တည်ကြည်တဲ့ သမာဓိဂုဏ်နဲ့ပြည့်စုံပါလားဆိုပြီးတော့ ချီးကျူးသွားကြပါတယ်၊ သမာဓိဘက်ကကြည့်ရင်လည်း အလွန့်ကို ချီးကျူးစရာ ကြည်ညိုစရာ လေးစားစရာကောင်းလှပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ပညာဂုဏ်ကတော့ ပညာရှင်တွေမှ သိနိုင်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ အဋ္ဌကထာစိစစ်ခန်းတွေ ပုဒ်အယူအဆတွေဟာ ပညာရှိပုဂ္ဂိုလ်တို့ အံ့သြလောက်အောင် မဟာစည်ဆရာတော်ဘုရားကြီးဉာဏ်တွေဟာ ဘယ်လောက်ထိုးထွင်းတယ်ဆိုတာ သာမန်ပုဂ္ဂိုလ်တွေ မသိနိုင်ပါဘူး။ ကမ္ဘာမဆန့်အောင် ပြန့်နှံ့တည်တဲ့ မဟာစည်ဆရာတော်ဘုရားကြီး ဖြစ်ပါတယ်။

အနန္တကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရား

http://www.dhammadownload.com



ကြီးရဲ့ စံလွန်တော်မူတဲ့ (၃၄)နှစ်ပြည့်မှာ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို ဦးထိပ်ထားပြီးတော့ ဘုန်းကြီးတို့ရဲ့ ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ ဆရာတော်ဘုရားကြီးနဲ့တကွ တပည့်အဆက်ဆက်များက ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယတွေကို ခံယူပြီးတော့ ကိုယ်တိုင်လည်းပဲကျင့်ကြံလို့ သူတစ်ပါးကိုလည်း ဟောပြောပြသနေနိုင်တာဟာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေပဲဆိုတာ မိမိတို့တတွေ အာရုံပြုပြီးတော့ တကယ့်ပူဇော်သင့် ပူဇော်ထိုက်တဲ့ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကို မမေ့ဘဲနဲ့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်အခါ ကာလတုန်းက ပူဇော်ခဲ့သလိုပဲ ဒီနှစ်မှာလည်း ဘုန်းကြီးတို့တတွေ အနန္တကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီးကို ဓမ္မပူဇာ, အာမိသပူဇာတွေနဲ့ ပူဇော်ရတယ်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ နေကြရတယ်။ ပူဇော်ရတဲ့ ကုသိုလ်ကံစေတနာတို့ကြောင့် အကောင်းဆုံး အမွန်မြတ်ဆုံးဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု

http://www.dhammadownload.com

❋ သီလဂုဏ်အား ကြီးမားပါသည်၊
ကမ္ဘာမဆန့် ပြန့်နှံ့၍တည်၊
ရှင်လူအများ လေးစားအပ်သည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

❋ သမာဓိဂုဏ်အား ကြီးမားပါသည်၊
ကမ္ဘာမဆန့် ပြန့်နှံ့၍တည်၊
ရှင်လူအများ လေးစားအပ်သည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

❋ ပညာဂုဏ်အား ကြီးမားပါသည်၊
ကမ္ဘာမဆန့် ပြန့်နှံ့၍တည်၊
ရှင်လူအများ လေးစားအပ်သည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။